ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားညီညွတ်ရေးအစိုးရ
လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန

# သတင်းလွှာ

အတွဲ (၁) ၁ ဖေဖော်ဝါရီ ၂၀၂၂ အမှတ် (၆)

## မကွေးတိုင်း၊ ဂန့်ဂေါမြို့နယ်ရှိ စန်းမြို့ရွာ ရွာလုံးကျွတ်နီးပါး ထပ်မံ မီးရှို့ခံရ

၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၁၈ ရက်နေ့ မွန်းလွဲ (၁) နာရီခန့်တွင် စစ်ကောင်စီ စစ်ကြောင်းနှစ်ကြောင်းသည် မကွေးတိုင်း၊ ဂန့်ဂေါမြို့နယ်၊ စန်းမြို့ရွာအတွင်းသို့စီးနင်းဝင်ရောက်လာပြီး အိမ်ခြေ ၁၀၀ ကျော်ကို ထပ်မံမီးရှို့သွားခဲ့ပြီး ရွာသားနှစ်ဦး ဒဏ်ရာ ရရှိခဲ့သည်။ စန်းမြို့ရွာသည် ၂၀၂၁ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် အိမ်ခြေ ၃၀ ကျော် မီးရှို့ခံခဲ့ရဖူးသေးသည်။

စန်းမြို့ရွာသို့ စီးနင်းဝင်ရောက်လာသည့်တပ်များသည် ကျောက်ပြုတ်နှင့် မြောက်ခင်ရန်းရွာတို့တွင် တပ်စွဲထားသည့် စစ်ကောင်စီ စစ်ကြောင်းနှစ်ခုဖြစ်ပြီး နှမ်းခါးကျေးရွာကို ရဟတ်ယာဉ်များဖြင့် စီးနင်းခဲ့သည့် စစ်ကြောင်းမှ တပ်ဖွဲ့ဝင်များပင်ဖြစ်ကြောင်း၊ ပျူစောထီး အဖွဲ့ဝင်များလည်းပါကြောင်း သိရသည်။ စာ - ၃ သို့



စစ်ကောင်စီလက်အောက်ခံ တပ်ဖွဲ့များက ထပ်မံမီးရှို့ဖျက်ဆီးသွားခြင်း ခံခဲ့ရသည့် စန်းမြို့ရွာ

## NLD တောင်သူကို ပျူစောထီးသတ်မှုအပါအဝင် နိုင်ငံတွင်းရှိ ဖမ်းဆီး သတ်ဖြတ်ခံရမှုများ

စာ - ၂




## စစ်ကိုင်းတိုင်းတွင် ဖမ်းဆီး၊ သတ်ဖြတ်ခံရမှုများ

စာ - ၃ သို့

## ထားဝယ်မြို့ ကုသိုလ်ဖြစ်ဆေးခန်းမှ လူငယ် ၇ ဦး ဖမ်းဆီးခံရ

တနင်္သာရီတိုင်း၊ ထားဝယ်မြို့တွင် ဇန်နဝါရီ (၂၄) ည (၈) နာရီခွဲ အချိန်တွင် အင်အား၃၀ ဝန်းကျင်ရှိ ရဲနှင့် စစ်သားများက ကုသိုလ်ဖြစ် အခမဲ့ဆေးခန်းတစ်ခုကို ဝင်ရောက်စီးနင်းပြီးနောက် အသက် ၂၀ ဝန်းကျင်အရွယ် ပရဟိတလူငယ် ၇ ဦး ဖမ်းဆီးကာ လူနာတင်ယာဉ်တစ်စီးလည်း သိမ်းဆည်းသွားသည်။

စစ်သားနှင့် ရဲများက ဝင်ရောက်စီးနင်းစဉ် ဆေးခန်းအတွင်းရှိ ပစ္စည်းများနှင့် ဆေးဝါးများကို အကုန်သိမ်းသွားကြောင်း၊ ဖမ်းဆီးခံရသူများတွင် အမျိုးသမီးများလည်း ပါဝင်ကြောင်း မြို့ခံအမျိုးသားတစ်ဦးကပြောခဲ့သည်။ ဖမ်းဆီးခံရသည့်လူငယ်များကို မည်သည့်နေရာတွင် ချုပ်နှောင်ထားသည်ကို မသိရသေးပေ။




# မြိုင်ရှိ ကျေးရွာများနှင့် ရေနံမှော်များကို မီးရှို့နေသည့် စစ်တပ် အနီးအနားမြို့ရွာများတွင်လည်း လူသတ်အလောင်းဖျောက်မှုများပြုလုပ်

ဇန်နဝါရီလ (၁၀) ရက်နေ့မှ စတင်၍ စုစုပေါင်း အင်အား ၈၀၀ ခန့်ဖြင့် တစ်ရွာဝင် တစ်ရွာထွက် စီးနင်းနေသည့် စစ်ကောင်စီတပ်များသည် မကွေးတိုင်း အနောက်မြောက်ပိုင်းရှိ မြိုင်မြို့နယ်၊ လက်ယက်မရွာတွင် နေအိမ်၊ ဆိုင်ခန်းများကို မွှေနှောက်ဖျက်ဆီးသည့်အပြင် ဖောက်ထွင်းခိုးယူမှုများကိုကျူးလွန်ခဲ့ပြီး ဒေသခံများကို ဖမ်းဆီး ထိန်းသိမ်းခဲ့ကာ အချို့ကို သတ်ဖြတ်ခဲ့သည်။ လက်ယက်မရွာအနောက်သင်္ချိုင်းတွင် မီးရှို့ခံထားရပြီး ကျား/မ ခွဲခြားနိုင်ခြင်းမရှိသည့် ရုပ်အလောင်း သုံးလောင်းကို တွေ့ရှိခဲ့ရသည်။

ဇန်နဝါရီလ (၁၆) ရက်နေ့တွင် မြိုင်မြို့နယ်မြောက်ဘက်ပိုင်းရှိ ချောင်းဆုံ၊ အောင်ချမ်းသာစံပြ၊ မြိုင်မြို့အနောက်ဘက်ရှိ သဒွတ်၊ ညောင်ပင်လည်၊ ဝယ်တောင်မြောက်ရွာနှင့် ကျောက်ခွက်ရေနံမှော်ရှိရာတွင် စစ်တပ်က နေအိမ်များကို မီးရှို့ခဲ့သည်။

"ဝင်မွှေတာကတော့ ရွာတိုင်းလိုလိုပဲ။ မီးရှို့တာ၊ ဖျက်ဆီးတာကတော့ စုစုပေါင်း ၁၀ ရွာလောက်ရှိပြီ။ ဖျက်ဆီးခံရတဲ့ အိမ်အရေအတွက်လည်း မသိရသေးဘူး" ဟု မြိုင် PDF ၏ မြောက်ပိုင်းဒုန်ခေါင်းဆောင်ဖြစ်သူ ဗိုလ် Cross က Myanmar Now သတင်းဌာန ကို ပြောဆိုထားကြောင်း၊ ဇန်နဝါရီလ (၂၃) ရက်နေ့တွင်လည်း စစ်ကောင်စီတပ်များမှ မြိုင်မြို့နယ်နှင့် ပေါက်မြို့နယ်အတွင်းရှိ လက်ယက် ရေနံမှော်များထံမှ ကျပ်ငွေ နှစ်သိန်းမှ သုံးသိန်းအထိ တောင်းရာ မပေးသဖြင့် လက်ယက်တွင်း (၃၀) ခန့်ကို မီးရှို့ဖျက်ဆီးခဲ့ကြောင်း၊ ရေနံမှော်များရှိသည့် ကျောင်းတိုင်ခင်ရွာတွင် ရွာသား ၃ ဦးကို သတ်ဖြတ်ကာ ရုပ်အလောင်းများကို ကောက်ရိုးပုံပေါ်တင်၍ မီးရှို့ခဲ့သလို ဇန်နဝါရီလ (၂၇) ရက်နေ့တွင်လည်း သရက်ကန်ရွာနှင့် ကြက်ဆူအိုင့်ရွာကြား အရပ်သားနှစ်ဦးကို သတ်ဖြတ်မီးရှို့သွားသည်။

မကွေးတိုင်း ယောနယ်အတွင်း နှမ်းခါး၊ ကျောက်ထု အပါအဝင် ကျေးရွာများကို လေကြောင်းတိုက်ခိုက်မှုအပြင် နေအိမ်များ ရေနံတွင်းများမီးရှို့ရာတွင် စစ်ကောင်စီနှင့် ၎င်းတို့၏ လက်ပါးစေ ပျူစောထီးများလည်းပါဝင်ကြောင်း၊ "လူ့အခွင့်အရေးတွေ အားလုံးဆုံးရှုံးနေတဲ့ နိုင်ငံ တစ်ခုအဖြစ်နဲ့ အာဏာရှင်လက်အောက်မှာ ကိုယ့်ရဲ့မျိုးဆက်၊ ကိုယ်ကိုတိုင် မနေနိုင်တဲ့ အတွက်ရော၊ ဒီတိုင်းပြည်အတွက်ရော အာဏာရှင်စနစ် မပြုတ်ကျမချင်း နောက်မဆုတ်ပဲ မနိုင်မချင်း ဆက်လက်တိုက်ပွဲဝင်သွားမည်ဖြစ်ကြောင်း ဂန့်ဂေါမြို့နယ်ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့ဝင် CDM ကျောင်းဆရာတစ်ဦးဖြစ်သူ ဦးငြိမ်းသူယျက ပြောကြားခဲ့သည်။

## နိုင်ငံတွင်းရှိ ဖမ်းဆီး သတ်ဖြတ်ခံရမှုများ


မောင်မင်းခန့်ကိုကို

● ရန်ကုန်မြို့ ၊စမ်းချောင်းမြို့နယ် ပဒုမ္မာပန်းခြံအနီးတွင် ဇန်နဝါရီ ၂၁ ရက် နံနက်၅နာရီခန့်က အသက် ၁၉ နှစ်အရွယ် မောင်မင်းခန့်ကိုကို အပါအဝင် လူငယ် ၄ ဦးကို စစ်တပ်က အကြောင်းမဲ့ အကြမ်းဖက်ရိုက် နှက်ဖမ်းဆီးခေါ်ဆောင်သွားသည်ဟု မိသားစုဝင်များထံမှ သိရသည်။ ၎င်းသည် အထက ၂ နန်ယန်ကျောင်းသားဟောင်းနှင့် ဂျပန်-မြန်မာအောင်ဆန်း စက်မှုသင်တန်းကျောင်းတွင် ပထမနှစ်တက်ရောက်နေသူဖြစ်သည်။

● ကရင်နီပြည်နယ်၊ လွိုင်ကော်မြို့၊ ထူဒူင်သရွာတွင် သေဆုံးနေသော ပြည်သူ ၂ ဦးကို ဒေသခံများကတွေ့ရှိပြီး ဇန်နဝါရီလ ၂၈ ရက် တွင် ရွှေညောင်ပင်လူမှုကူညီရေးအသင်းက မြေမြှုပ်သင်္ဂြိုဟ်ပေးခဲ့သည်။ ၎င်းတို့မှာ သားအမိတော်စပ်ပြီး ဒေါ်မူ (၆၃ နှစ်) နှင့် စောဒါးထူး (၂၃ နှစ်) တို့ ဖြစ်သည်။ လွိုင်ကော်မြို့ တောင်ဘက်စွန်ရှိ မိုင်းလုံး၊ ပန်ကန်းနှင့် ထူဒူင်သကျေးရွာများတွင် စစ်ကောင်စီတပ်နှင့် ကရင်နီ ပူးပေါင်းတပ်ဖွဲ့များကြား တိုက်ပွဲများ ရက်ဆက်ဖြစ်ပွားခဲ့ပြီး စစ်ကောင်စီပစ်ခတ်သော လက်နက်ကြီးများ၊ လေကြောင်းမှ ပစ်ခတ်တိုက်ခိုက်မှုများကြောင့် အများပြည်သူ နေအိမ်အများအပြား ပျက်စီး ဆုံးရှုံးခဲ့သည်။

● မကွေးတိုင်း၊ ပခုက္ကူမြို့နယ် ကမ္မမြို့တွင် အကြမ်းဖက်စစ်ကောင်စီက ပစ်သတ်ကာ မြေဖုံးအုပ် ထားခဲ့သော အလောင်းတစ်လောင်းကို ဇန်နဝါရီ ၂၈ ရက်နေ့တွင် တွေ့ရှိခဲ့ကာ သေဆုံးသူမှာ တမာပင်ရှိုးယာဖက်မှ ကံကြီးစုရပ်ရွာမှ ဦးချစ်ကို အသက် (၄၀) နှစ် ဖြစ်သည်။

● တနင်္သာရီတိုင်း၊ ထားဝယ်ခရိုင်၊ ရေဖြူမြို့နယ် နဘုလယ်ဒေသ၊ ပရဒတ်ကျေးရွာမှ NLD ပါတီဝင် ဦးကျော်ဝင်း(ခ) ဦးဖပလက်ကို ပျူစောထီးအဖွဲ့က ဖမ်းဆီးသတ်ဖြတ်လိုက်သည်။ ဇန်နဝါရီ ၂၇ ရက်မနက် ၈ နာရီ ဝန်းကျင်ခန့်အချိန်က ဦးကျော်ဝင်း (ခ) ဦးဖပလက်သည် ၎င်း၏ဥယျာဉ်ခြံတွင် သစ်ပင်များရေလောင်းနေစဉ် ပျူစောထီးအဖွဲ့က ဖမ်းဆီးခေါ်ဆောင်သွားကာ အနီးရှိတောတွင်း တစ်နေရာတွင် ညဉ်းပန်းနှိပ်စက်ပစ်သတ်သွားသည်။ ဦးကျော်ဝင်းသည် ရွာထဲတွင် အနေအေးဆေးသူဖြစ်ပြီး ဇန်နဝါရီလ ၁ ရက်နေ့ကလည်း ပျူစောထီးများက ၎င်း၏ ဆိုင်ကယ်နှင့် ဖုန်းကို လာရောက် သိမ်းယူပြီး ဇန်နဝါရီလ ၂၇ ရက်နေ့တွင် လာရောက် သတ်ဖြတ်ခြင်းဖြစ်သည်။ NLD ပါတီဝင် ဦးကျော်ဝင်းတွင် သားသမီး ၃ ဦး ကျန်ရစ်ခဲ့ပြီး အငယ်ဆုံးသားမှာ လသားအရွယ်၊ ၁၃ နှစ်အရွယ် သမီးငယ်၊ ၉ နှစ်အရွယ် သားငယ်တို့ ကျန်ရစ်ကြောင်း၊ ၎င်းသည် ဥယျာဉ်ခြံစိုက်ခြင်းဖြစ် ရိုးသားစွာ အသက်မွေးဝမ်းကြောင်းသူဖြစ်ပြီး ခါးနာဝေဒနာခံစားနေရသူဖြစ်သည်။ ဇန်နဝါရီ ၂၇ ရက်နေ့လယ်ပိုင်းတွင် အလောင်းအား ရေဖြူဆေးရုံသို့ သယ်ဆောင်သွားသည်။

# စစ်ကိုင်းတိုင်းတွင် ဖမ်းဆီး သတ်ဖြတ်ခံရမှုများ

■ စစ်ကိုင်းတိုင်း၊ ဘုတလင်တွင် စစ်ဘေးရှောင်ပြည်သူ ဦးညီညီလွင်ကို စစ်ကောင်စီက ဇန်ဝါရီလ ၁၄ ရက်နေ့တွင် သေနတ်ဖြင့် ပစ်ခတ်ပြီး အရှင်လတ်လတ် မီးရှို့သတ်ဖြတ် အလောင်းဖျောက်ဖျက်သည်။ စစ်ကိုင်းတိုင်း၊ ဘုတလင်မြို့နယ်၊ မောင်းထောင်ကျေးရွာတွင် နေထိုင်သူ ဦးညီညီလွင် အသက် ၄၇ နှစ်ကို ဇန်နဝါရီ ၁၄ ရက်နေ့ နံနက် ၁၀ နာရီခန့်တွင် အကြမ်းဖက်စစ်ကောင်စီက ပစ်ခတ်ကြောင်း၊ အသက်မသေသေးစဉ်မှာပင် တာယာများဖြင့် စုပုံ၍ မီးရှို့သတ်ဖြတ်ကာ အလောင်းဖျောက်ဖျက်ခဲ့သည်။ စစ်ကောင်စီတပ်များသည် ဘုတလင်မြို့နယ်တွင်း ကျေးရွာများသို့ ရဟတ်ယာဉ်များဖြင့် စစ်သားများ လာချခြင်း၊ စစ်ကြောင်းထိုးခြင်းများကို တောက်လျှောက်ဆိုသလို လုပ်ဆောင်လျက်ရှိပြီး ကျေးရွားများကိုလည်း မီးရှို့ဖျက်ဆီးမှုများ၊ ပြည်သူများကို သတ်ဖြတ်ခြင်းများ ဆက်တိုက်လုပ်ဆောင်လျက်ရှိသည်။

■ စစ်ကိုင်းတိုင်း တန့်ဆည်မြို့နယ် မဟာမြိုင်ရပ်ကွက်တွင် နေထိုင်သော ဦးမျိုး၊ ဒေါ်တင်မာအေးနှင့် ကိုအာကာမျိုးတို့ကို အကြမ်းဖက် စစ်ကောင်စီတပ်ဖွဲ့များက ဇန်နဝါရီလ ၂၄ ရက်နေ့တွင် ကျွန်းလည်ရွာ အနီးတွင် ဖမ်းဆီးသတ်ဖြတ်ခဲ့သည်။ အဆိုပါ ဖမ်းဆီး သတ်ဖြတ်ခံရသူ မိသားစုဝင် ၃ ဦးသည် ကျွန်းလည်နှင့် မိုးကောင်းရွာကြားတွင် စပါးသွားဝယ်စဉ် ဖမ်းဆီးခံရခြင်းဖြစ်ပြီး စစ်တပ်က ရိုက်နှက်စစ်ဆေးမှုများ ပြုလုပ်ပြီးနောက် သေဆုံးခဲ့ခြင်းဖြစ်သည်။ ယင်းမိသားစုဝင် ၃ ဦးသည် NLD အမာခံများ ဖြစ်သည့်အတွက် ကျွန်းလည်ဘက်မှ ပျူစောထီးများနှင့် စစ်တပ်က ပူးပေါင်း ဖမ်းဆီး သတ်ဖြတ်ခြင်းဖြစ်ကြောင်း၊ စပါးရောင်းမည်ဟု လိမ်လည်ခေါ်ဆောင်ပြီး လုပ်ကြံသတ်ဖြတ်ထားပုံရကြောင်း၊ အဆိုပါ သေဆုံးသူများ၏ ရုပ်အလောင်းများကို သက်ဆိုင်ရာမိသားစု/ဆွေမျိုးများမှ ယနေ့အထိ ပြန်မရသေးကြောင်း သိရသည်။

■ စစ်ကိုင်းတိုင်း၊ ရေဦးမြို့နယ်၊ ပုန္နကားရွာလေး ကုန်ထုတ်လမ်းတွင် သေဆုံးနေသော ရုပ်အလောင်းတစ်ခုကို ဇန်နဝါရီလ ၂၈ ရက်နေ့တွင် တွေ့ရှိရပြီး သစ်ပင်တွင်လက်ပြန်ကြိုးတုတ်ပြီး ရိုက်နှက် သတ်ဖြတ်ခံထားရခြင်း ဖြစ်ကာ သေဆုံးသူမှာ ကိုအောင်ကြီးဆိုသူ ဖြစ်သည်။ အဆိုပါ ရုပ်အလောင်းကို ရေဦးမြို့ ပုညကုသလလူမှုကူညီရေးအသင်းမှ ရေဦးမြို့ဆေးရုံသို့ သယ်ယူပို့ဆောင်ပေးခဲ့သည်ဟု သိရှိရသည်။

■ စစ်ကိုင်းတိုင်း၊ ကနီမြို့နယ် မုဋ္ဌောအရှေ့ရွာရှိ ပြည်သူပိုင် နေအိမ် ၁၁ လုံးကို ဇန်နဝါရီလ ၂၂ ရက်နေ့ ညနေ ၃နာရီ ၃၀မိနစ်ခန့်တွင် ချင်းတွင်းမြစ်ကြောင်းအတိုင်း ဆန်တက်လာသည့် စစ်ရေယာဉ် အုပ်စုတွင် လိုက်ပါလာသည့် အကြမ်းဖက် စစ်ကောင်စီ တပ်ဖွဲ့များက ဝင်ရောက်ဖျက်ဆီး မီးရှို့ကာ စိတ်ရောဂါသည် ကိုအောင်သူဟိန်းကိုလည်း ဖမ်းဆီးသတ်ဖြတ်ခဲ့သည်။ ထို့ပြင် ကျေးရွာအတွင်းရှိ ပြည်သူပိုင်နေအိမ်များကိုလည်း ဝင်ရောက် မွှေနှောက်ဖျက်ဆီးခဲ့သည်။

■ စစ်ကိုင်းတိုင်း အရာတော်မြောက်ပိုင်း၊ အောင်ချမ်းသာကျေးရွာ ထိပ်ရှိ ရာပြည့်ဘုရားဝင်းတွင် တပ်စွဲထားသော အကြမ်းဖက် စစ်ကောင်စီ တပ်ဖွဲ့များက ဇန်နဝါရီလ ၂၅ ရက်နေ့တွင် ဒေသခံ ကျေးရွာသားများ အကြောင်းမဲ့ ဖမ်းဆီး စစ်ဆေးခဲ့ပြီး ထိုဖမ်းဆီး စစ်ဆေးသူများထဲမှ အသက်(၂၃) နှစ်အရွယ် မောင်သော်ဇင်ထွန်း(ခ)ငသော်ကို စစ်တပ်က လမ်းမလျှောက်နိုင်တော့သည်အထိ ရိုက်နှက်ကာ ကတုံးတုံးပြီး ဖမ်းဆီးခေါ်ဆောင်သွားကြောင်း အရာတော်မြို့နယ် သတင်းမှန်ပြန်ကြားရေးအဖွဲ့ထံမှ သိရသည်။ အဆိုပါ အကြမ်းဖက် စစ်ကောင်စီတပ်ဖွဲ့များသည် ဇန်နဝါရီလ ၂၆ ရက်တွင် အောင်ချမ်းသာရွာမှ ပြန်လည်ထွက်ခွာသွားပြီး ၎င်းတို့ ဖမ်းဆီးထားသူတချို့ကို ပြန်လွှတ်ပေးခဲ့ကာ မောင်သော်ဇင်ထွန်းကို ပြန်လည်လွှတ်မပေးဘဲ ၎င်းတို့နှင့်အတူ ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရသည်။




# ပြည်တော်ဝင်ဖို့ ရုန်းကြစို့

## တိတ်ဆိတ်ငြိမ်သက်ခြင်းသပိတ်၊ လက်ခုတ်တီးသပိတ်

**ကျဆုံးသွားတဲ့သူတွေ၊ အကျဉ်းကျနေကြတဲ့သူတွေ၊ မတရားဥပဒေတွေနဲ့ စီရင်ခံနေရတဲ့ သူရဲကောင်းတွေကို ဂုဏ်ယူသောအားဖြင့်... ရက်ရက်စက်စက် သတ်ဖြတ်ခံခဲ့ရတဲ့ ပြည်သူတွေ၊ မြို့ရွာလုံးကျွတ် မီးလောင်တိုက်သွင်းခံခဲ့ရတဲ့ပြည်သူတွေ၊ စစ်သံမိုးသံတွေကြားမှာ ပြေးလွှားတိမ်းရှောင်နေကြရတဲ့ပြည်သူတွေကို စာနာသောအားဖြင့်... ရှုံးမတက်ဘဲ ရုန်းထွက်နေကြဆဲ သူရဲကောင်းတွေ၊ အသံမတိတ် အလံမလိပ်ဆဲ သူရဲကောင်းတွေ၊ နစ်တော်လှန်စစ်ကို ဆင်နွှဲနေကြတဲ့ သူရဲကောင်းတွေ၊ ချွေးနည်းစာတွေကို စုဆောင်းပြီး ကူညီနေကြတဲ့ သူရဲကောင်းတွေ၊ နိုင်ငံတကာ သံတမန်တိုက်ပွဲမှာ ပါဝင်နေကြတဲ့ သူရဲကောင်းတွေကို လေးစားသောအားဖြင့်...**

## မျက်နှာဖုံး - စမ်းမြို့ရွာမှ အဆက်

စစ်ကြောင်းဝင်ရောက်လာချိန်တွင် လက်နက်ကြီးများဖြင့် ပစ်ခတ်မှုများလည်း ရှိခဲ့ကြောင်း ဂန့်ဂေါမြို့ ပြည်သူ့အုပ်ချုပ်ရေး အဖွဲ့ဝင် ကိုနွေဦးက ပြောပြခဲ့ကြောင်း သိရှိရသည်။

"မြောက်ဘက်ကနေ လက်နက်ကြီးတွေ ထုတယ်။ သေနတ်တွေ တအားဖောက်သံကြားရတယ်။ မောင်းပြန်သေနတ်သံတွေ ဆူနေအောင်ပစ်တာ။ ရွာထဲရောက်တော့ မီးလောင်ဗုံးတွေနဲ့ ပစ်ပြီးရှို့တာ မြင်ရတယ်ဗျ" ဟု စန်းမြို့ရွာခံက ပြောသည်။

စစ်တပ်က ပစ်ခတ်သည့်လက်နက်ကြီးကျည် ကျရောက်ပေါက်ကွဲမှုကြောင့် ထွက်ပြေးနေသော ရွာသားများအနက် နှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ အိမ်ခြေ (၂၁၀) ခန့်သာ ရှိသည့် စန်းမြို့ရွာတွင် ယခုတစ်ကြိမ် မီးရှို့ခံရမှုအပြီး အိမ်ခြေ(၃၀)ကျော်ခန့်သာ မီးမလောင်ဘဲ ကျန်ခဲ့သည်။

"၁၀၀ ကျော်လောက်တော့ ပါသွားမယ်ဗျ။ အရင်လောင်ထားတာတွေနဲ့ဆိုရင် ၃၀ ကျော်လောက်ပဲ ကျန်တော့မယ်။ မီးမလောင်ဘဲ ကျန်ခဲ့တာပေါ့။ ရွာထဲမှာက တစ်ညလုံး မီးလောင်တာပဲ။ အခုမနက်အထိ မီးမငြိမ်းသေးဘူး" ဟု စန်းမြို့ရွာခံက ပြောသည်။ စစ်ကောင်စီတပ်များ၏ မီးရှို့မှုများကြောင့် ရွာသား ၆၀၀ ကျော်မှာ နေအိမ်စွန့်ခွာ ထွက်ပြေးနေခဲ့ရသည်။

# လူ့အခွင့်အရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၏ ၁၅ ရက်တာအတွင်း လှုပ်ရှားဆောင်ရွက်မှုများ

လူ့အခွင့်အရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ခွန်းဗဟန်းထန်သည် ဌာနအား ကိုယ်စားပြု၍ အပတ်စဉ် ဝန်ကြီးဌာနအချင်းချင်း ချိတ်ဆက်အကောင် အထည်ဖော်သော အစည်းအဝေးများ၊ ဌာနတွင်း အစည်းအဝေးများ တက်ရောက်ကာ သတင်းအချက်အလက်ရယူ ဖလှယ်ခြင်း၊ အကြံပြုချက်များ ရယူခြင်း၊ တင်ပြခြင်း စသည်တို့ကို ချိတ်ဆက်လုပ်ဆောင်ပါသည်။

ဒ့်အပြင် NUG မှ ဦးဆောင် ဖွဲ့စည်းဆောင်ရွက်သော CDM Success Committee၊ တရားရေးဆိုင်ရာ ကော်မတီ၊ ကာကွယ်ရေးဆိုင်ရာကော်မတီတွင်လည်း EAO နယ်ပယ်နှင့် တိုင်းရင်းသားတစ်ဦး အနေဖြင့် ပါဝင် တာဝန်ထမ်းဆောင်နေပါသည်။

အခြားသော ကျန်းမာရေး၊ လူငယ်ရေးရာနှင့်ပတ်သက်သော ပေါင်းစပ် ညှိနှိုင်းကော်မတီများတွင်လည်း ကိုယ်စားပြုတာဝန်ယူ ထမ်းဆောင်နေပါသည်။ ဒ့်အပြင် မိခင်အဖွဲ့အစည်း (KSCC) အတွက် ပြည်နယ်နှင့်ပတ်သက်တဲ့ လုပ်ငန်းဆောင်တာများအား တာဝန်ထမ်းဆောင်နေပါသည်။






# ကရင်နီပြည် ဖရူဆိုမြို့နယ် စစ်ရှောင်စခန်းနှင့် နမ့်မယ်ခုံမြို့နယ်တို့တွင် လေကြောင်းမှ ဗုံးကြဲ

ဇန်နဝါရီလ (၁၇) ရက်နေ့ မနက် ၁၀ နာရီ ဝန်းကျင်ခန့်တွင် စစ်ကောင်စီသည် လေကြောင်း အသုံးပြု၍ ဖရူဆိုမြို့နယ်အနောက်ခြမ်း ရီခီးဘူးကျေးရွာရှိ စစ်ရှောင် ၇၀၀ ခန့် နေထိုင် နေသည့် တန်းလျားအနီး ဗုံးကြဲတိုက်ခိုက်ခဲ့ရာ အသက် ၁၂ နှစ်နှင့် ၁၅ အရွယ် ကလေးနှစ်ဦးနှင့် အသက် ၅၁ အရွယ် အမျိုးသား တစ်ဦး ဗုံးစထိမှန် သေဆုံးသွားခဲ့သည်။

"ဗုံးအစတွေက စစ်ရှောင်ကလေးတွေ အိပ်တဲ့ အဆောင်ဘက်ကို အကုန်ထိမှန်သွားတော့ ညီအစ်မနှစ်ယောက် ထိသွားတယ်။ ခန္ဓာကိုယ်ဆို အပိုင်းအပိုင်းဖြစ်သွားတယ်။ အစတွေ အကုန်လွင့်ထွက်သွားတယ်။ ဦးလေးတစ်ယောက်ကကျတော့ နေမကောင်းလို့ မီးဖိုနားမှာ အိပ်နေတာ။ အဲဒီ ဦးလေးတစ်ယောက်ကို ထိသွားတယ်။ တိုက်ပွဲလုံးဝမဖြစ်ဘူး။ မဖြစ်ဘဲနဲ့ကို ညတုန်းက လေယာဉ်က အခေါက်ခေါက် အခါခါ လာဝဲပြီးတော့ ကျွန်မ-တို့လည်း ထွက်ကြည့်တယ်၊ ဒါပေမဲ့ မမြင်ရဘူး။ သူက အသံအရမ်းကျယ်တယ်၊ နီးမလိုလိုနဲ့ ဘာမှ မမြင်ရဘူး" ဟု အမည်မဖော်လိုသည့် ဒေသခံတစ်ဦးက ပြောကြားခဲ့ကြောင်း၊ စစ်ရှောင်များ ထားရန် ပြင်ဆင်ထားသည့် အခြားနေရာ တစ်ခုတွင်လည်း ဗုံးနှစ်လုံး ကျရောက်ပေါက်ကွဲခဲ့ကြောင်း သိရှိရသည်။ ဗုံးကြဲချခဲ့သည့်နေရာအနီးမှ တန်းလျားသည် ဖရူဆိုမြို့နယ်၊ မိုဆိုရွာမှ စစ်ဘေးရှောင်များနေထိုင်သည့် တန်းလျားဖြစ်ပြီး သေဆုံးသူ သုံးဦးစလုံးမှာလည်း မိုဆိုရွာခံများဖြစ်ကြသည်။

**နန်းမယ်ခုံ**

ဇန်နဝါရီ (၁၆) ညနေ ၆ နာရီခန့်က တိုက်ပွဲဖြစ်ပွားခြင်းမရှိသည့် ဒီးမော့ဆိုမြို့နယ် နန်းမယ်ခုံတွင် စစ်တပ်က တိုက်လေယာဉ်ဖြင့် ဗုံးကြဲသောကြောင့် ပရဟိတလုပ်နေသည့် လူငယ်သုံးဦး ပွဲချင်းပြီး သေဆုံးကြောင်း သိရှိရသည်။

နန်းမယ်ခုံကို လေကြောင်း၊ အမြောက်တို့နှင့် တိုက်ခိုက်ရခြင်းမှာ ထိုမြို့တွင် အကြမ်းဖက်သမားများရှိသောကြောင့် ဖြစ်သည်ဟု စစ်ကောင်စီသတင်းစာများတွင် ဖော်ပြထားသည်။

ကရင်နီပြည်နယ်တစ်ခုလုံးတွင် စစ်ရှောင်များအတွက် လုံခြုံသည့်နေရာ မရှိတော့သဖြင့် နိုင်ငံတကာ အဖွဲ့အစည်းများအနေဖြင့် စစ်ရှောင်များအတွက် Safe Zone ခေါ် လေယာဉ်မပျံသန်းရဇုန်တစ်ခု ဖြစ်ပေါ်လာအောင် ဆောင်ရွက်စေလိုကြောင်း၊ လူသားတစ်ဦးချင်းစီရဲ့ Right to live ဆိုတဲ့ လူ့အခွင့်အရေးအနေနဲ့ရော ပြည်နယ်တစ်ခု၊ လူမျိုးတစ်ခုရဲ့ Collective Rights ဖြစ်တဲ့ အခွင့်အရေးအနေနဲ့ရော လူသားချင်းစာနာမှုရှုထောင့်ကနေ ကြည့်ပြီးတော့ Safe Zone တွေကို ဖန်တီးပေးဖို့ လိုအပ်တယ်လို့ ကျွန်တော်တို့ တောင်းဆိုချင်တယ်။ ဒီနေ့ဖြစ်ပျက်နေတဲ့ ပြဿနာတွေဟာ နိုင်ငံတစ်ခုရဲ့ ပြည်တွင်းစစ်ဆိုပြီးမှ ဒါကို ခေါင်းရှောင်လို့တော့ မရတော့ဘူးဟု ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) ၏ အတွင်းရေးမှူး ၂ ဦးအောင်ဆန်းမြင့်က ဇန်နဝါရီ ၁၁ က Myanmar Now ကို ပြောထားကြောင်း သိရသည်။

# ဩစတြီးယားနိုင်ငံရောက် မျိုးချစ်မြန်မာတိုင်းရင်းသားများ၏ စစ်အာဏာရှင်ဆန့်ကျင်ရေးလှုပ်ရှားမှုတွင် ပြောကြားခဲ့သည့် မိန့်ခွန်း



"အခု ကျွန်တော်အားလုံးကိုတွေ့ရတာ ကျေနပ်ဝမ်းသာပါတယ်၊ ဂုဏ်လည်း ဂုဏ်ယူပါတယ်။ ကျွန်တော်တို့ အခုဆိုရင် ၁ နှစ်ပြည့်တော့မယ်၊ မင်္ဂလာရှိတဲ့တစ်နှစ်တော့ မဟုတ်ပါဘူး၊ တကယ့်အမင်္ဂလာတွေ ပြည့်ဖုံးနေတဲ့ မြန်မာနိုင်ငံရဲ့ သွေးစွန်းခဲ့တဲ့ ဖေဖော်ဝါရီ ရက်တစ်ရက်မှာ ကျွန်တော်တို့ တစ်နှစ်ပြည့်ပါတော့မယ်။ တစ်နှစ်ပြည့်တဲ့အခါမှာ ကျွန်တော်တို့ စစချင်းတုန်းကတော့ စိတ်အားထက်သန်စွာနဲ့ ပါဝင်ခဲ့ကြတယ်၊ နှစ်ပေါင်းကြာလာလို့ရှိရင်၊ ရက်ပေါင်းကြာလာလို့ရှိရင် တစ်ခါတလေ အားလျော့တတ်ပါတယ်။ ဒါတော့ ကျွန်တော်သိပါတယ်။ လူတိုင်းလူတိုင်းကလည်း ကိုယ့်မိသားစုအတွက်၊ ကိုယ့်ရဲ့ တစ်ဦးချင်းရပ်တည်မှုအတွက် ကြိုးပမ်းရတယ်၊ တခြားနိုင်ငံမှာ ဘာမှ လွယ်လွယ်ကူကူနေလို့မရပါဘူး။ အဲ့ဒီတော့ နည်းနည်းလေးရက်ကြာလာတဲ့အခါ ဘာဖြစ်လာလဲ ဆိုတော့ ပင်ပန်းမှုတွေ ဖြစ်ပေါ်လာတတ်ပါတယ်။ ပင်ပန်းမှုတွေကြားမှာ ဘာဖြစ်လာလဲဆိုတော့ ငါမလုပ်တော့ပါဘူး၊ တခြားလူ လုပ်ပါစေဆိုတဲ့ အားလျော့မှုတွေ ဖြစ်လာတတ်ပါတယ်။ ကျွန်တော်တို့ ဒီလိုအချိန်မှာ ဒီလိုအားလျော့မှုတွေ လုပ်ဖို့ မသင့်ပါဘူး။ ဘာ့ကြောင့်လဲဆိုတော့ ဒီနေရာမှာ ဒီလိုနေပြီးတော့ လုပ်နေတဲ့ ကာလအတွင်းမှာပဲ တကယ့် မြန်မာပြည်တွင်းမှာ အသက်သွေး ၊ ချွေး ပေးဆပ်ပြီးတော့ လုပ်ဆောင်နေရတဲ့ မျိုးဆက်သစ်တွေရှိတယ်၊ ပြည်သူပြည်သားတွေရှိတယ်။ အဲ့ဒီတော့ ဒါမျိုးတွေကို စာနာသောအားဖြင့် လက်တွဲလုပ်ဆောင်မှုတွေ ဖြစ်စေချင်ပါတယ်။ နောက်တစ်ခုက တစ်ခါတလေ အားငယ်တတ်ပါတယ်၊ ငါတို့လုပ်တာ အောင်ရော အောင်မြင်ပါ့မလား ဆိုတဲ့ အတွေးဖြစ်လာတတ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ယုံကြည်ထားဖို့အတွက် တစ်ခုကတော့ အမှန်တရားအတွက် လုပ်ဆောင်နေတဲ့အချိန်မှာ သမိုင်းပေးတာဝန်ကို ကျေပွန်ကြမယ်၊ ဒါနဲ့ပါတ်သတ်ပြီးတော့ အမြဲတမ်းကိုယ့်ကိုယ်ကို သွေးမအေးအောင် လုပ်ဆောင်ကြမယ်ဆိုရင် အောင်မြင်ကြမှာပါ။ အောင်မြင်မှုက ကျွန်တော်တို့ လက်ထဲမှာပဲ ရှိပါတယ်။ ဒီအောင်မြင်မှုကို ကွန်တော်တို့ ဆက်လက် လုပ်ဆောင်ရင်းနဲ့ လွတ်ချလိုက်လို့ အောင်မြင်မှာမဟုတ်ပါဘူး။ အောင်မြင်မှုကို ဆက်လက် ဆုပ်ကိုင်ထားပြီးတော့ အားလုံး ညီညီညွတ်ညွတ်နဲ့ အားလုံးမြန်မာပြည်အကျိုးအတွက် လုပ်ဆောင်ကြမယ်ဆိုတဲ့ စိတ်ဓာတ်မျိုးထားမယ်ဆိုရင်တော့ အောင်မြင်မှာ ဖြစ်ပါတယ်။ အခုကာလအတွင်းမှာ စစ်အာဏာရှင်အနေနဲ့ မြန်မာပြည်ကို လက်နက်နဲ့ ထိန်းချုပ်ဖို့ ကြိုးစားနေလဲ ဘယ်လိုမှ မအောင်မြင်သေးပါဘူး။ အရာရာ ကျရှုံးနေတာ အားလုံးအသိဖြစ်ပါတယ်။ အဲ့ဒီတော့ အောင်စိတ်မွေးကြပါ၊ အောင်အတိတ်ကို ထားကြပါ။ ပြီးရင် အောင်မြင်မှုစိတ်ဓာတ်နဲ့ အောင်လံထူတဲ့အထိ ဆက်လက်ပြီး တိုက်ပွဲဝင်ကြပါလို့ ပြောကြားလိုပါတယ်။ အရေးတော်ပုံ အောင်ရမည်. . ."

**ဦးအောင်မျိုးမင်း၊ ပြည်ထောင်စုဝန်ကြီး**




## Panel discussion

အီးယူအကြောင်း၊ နိုင်ငံတကာအကြောင်းနဲ့ ဩစတြီးယားနိုင်ငံအကြောင်းတွေနဲ့အတူ မြန်မာနိုင်ငံရေးကို ဘယ်လို ဝိုင်းဝန်းလုပ်ဆောင်ကြမလဲဆိုတာ တင်ပြဖြစ်ပါတယ်။

အကြမ်းဖက်စစ်ကောင်စီလက်ပါးစေ သံရုံးက ဒီပွဲကို မကျင်းပဖို့ ကန့်ကွက်စာ ပို့ခဲ့တယ်လို့ ကြားသိရပါတယ်။ ဒါပေမဲ့ မြန်မာပြည်သူတွေဘက်က ရပ်တည်မှုကိုပြသတဲ့ Diplomatic Academy Vienna က အစစ အရာရာ ကူညီလုပ်ဆောင်ပေးခဲ့ပါတယ်။

# ဩစတြီးယား မီဒီယာ ၅ ခုနှင့် အင်တာဗျူးပြုလုပ်

အကြမ်းဖက်စစ်ကောင်စီရဲ့ ရာဇဝတ်မှုကျူးလွန်မှုအခြေအနေတွေနဲ့ ဩစတီးယားနိုင်ငံ အစိုးရအနေနဲ့ မြန်မာအရေးကို ပိုမိုအလေးထားလုပ်ဆောင်ဖို့ NUG နဲ့ပူးပေါင်းပြီး မြန်မာပြည်သူတွေအတွက် အကူအညီတွေပေးဖို့ ဩစတြီးယား မီဒီယာ ၅ ခုနှင့် အင်တာဗျူး ပြုလုပ် တိုက်တွန်းပြောဆိုခဲ့ပါတယ်။





## ဩစတြီးယားလွှတ်တော်ကိုယ်စားလှယ်များနှင့် တွေ့ဆုံခြင်း (၂၉.၁.၂၀၂၂)

ဩစတြီးယားလွှတ်တော်ကိုယ်စားလှယ်များနဲ့ တွေ့ဆုံပြီး တင်ပြဆွေးနွေးမှုများ လုပ်ဆောင်ခဲ့ပါတယ်။ ပါတီစုံက နိုင်ငံခြားရေးကော်မတီဝင်များတက်ရောက်ခဲ့ပါတယ်။ တွေ့ဆုံဆွေးနွေးမှုအတွင်း မြန်မာ့အရေးနှင့် ပတ်သက်၍ ပြည်ထောင်စုလွှတ် တော်ကိုယ်စားပြုကော်မတီ - CRPH ချိတ်ဆက်လုပ်ကိုင်ရန် ကိစ္စများလည်း ထည့်သွင်းဆွေးနွေးခဲ့သည်။




**Public Forum and Press Conference on One Year After the Military Coup in Burma**




## မတူပီမြို့နယ် အရပ်သားပြည်သူများအပေါ် သတ်ဖြတ်မှုအပါအဝင် ချင်းပြည်နယ်အတွင်း အကြမ်းဖက်စစ်ကောင်စီ၏ လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် ပတ်သတ်သော သတင်းစာရှင်းလင်းပွဲ

အမျိုးသားညီညွတ်ရေးအစိုးရ၊ လူ့အခွင့်အရေးဆိုင်ရာ ဝန်ကြီးဌာနမှ ပြုလုပ်တဲ့ မတူပီမြို့နယ် အရပ်သားပြည်သူများအပေါ် သတ်ဖြတ်မှုအပါအဝင် ချင်းပြည်နယ်အတွင်း အကြမ်းဖက်စစ်ကောင်စီ၏ လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် ပတ်သတ်သော သတင်းစာရှင်းလင်းပွဲဖြစ်ပါတယ်။

စစ်ကောင်စီရဲ့ တပ်တွေက ဇန်နဝါရီလအတွင်း မတူပီမြို့နယ်မှာ ဖြစ်ပွားခဲ့တဲ့ ဒေသခံ အပြစ်မဲ့အရပ်သား(၁၀)ဦးကို စစ်ကောင်စီတပ်မှ သတ်ဖြတ်ခဲ့တဲ့အကြောင်းအရာ၊ ထန်လလန်မြို့နယ်ကို မီးရှို့ဖျက်စီးခဲ့တဲ့အကြောင်းအရာ၊ ချင်းပြည်နယ်တစ်ခွင်လုံးမှာ စစ်အင်အားများ တိုးချဲ့ပြီးတော့ လူ့အခွင့်အရေးချိုးဖောက်မှုတွေ၊ ရာဇဝတ်မှုကျူးလွန်မှုတွေကို သက်သေ ရုပ်အလောင်းများ ကောက်ယူရာတွင် ကိုယ်တိုင်ပါဝင် ကြုံတွေ့ရသူများ ၊ ကျူးလွန်ခံရတဲ့သူများရဲ့ မိသားစုဝင်များက ပါဝင်ပြီးတော့ ရှင်းလင်းတင်ပြသွားပါတယ်။

ဒီသတင်းစာရှင်းလင်းပွဲပြုလုပ်ရတဲ့ ရည်ရွယ်ချက်ကတော့ အာဏာသိမ်းဖို့ ကြိုးစားခဲ့တဲ့ ဖေဖော်ဝါရီလမှ စတင်ပြီး ချင်းပြည်နယ်အတွင်းမှာ ခုခံစစ်တွေ စတင်ခဲ့ပြီးနောက်ပိုင်းမှာ စစ်ကောင်စီတပ်တွေဟာ စစ်အင်အားများ တိုးချဲ့ပြီး ချေမှုန်းခဲ့ကြတယ်။ ချေမှုန်းဖို့ တပ်တွေတိုးချဲ့ပြီး နောက်ပိုင်းမှာ လူ့အခွင့်အရေးချိုးဖောက်မှုတွေ ပိုမိုဖြစ်ပေါ်လာတယ်။ ဖမ်းဆီးသတ်ဖြတ်မှုတွေ ဖြစ်ပေါ်လာတယ်။ တချိန်ထဲမှာပဲ မြို့တွေကို ဦးတည်ထားပြီးတော့ မြို့လုံးကျွတ် မီးရှို့ဖျက်ဆီး မြေလှန်တဲ့ ဖြစ်စဉ်များကို လုပ်ဆောင်ခဲ့ကြပါတယ်။

နောက်ဆုံး ဖြစ်စဉ်ကတော့ ယခုရှင်းလင်းရာမှာ ပါဝင်တဲ့ မတူပီမြို့နယ် ဖြစ်စဉ်ဖြစ်ပြီး ၎င်းဖြစ်စဉ်အပေါ် အပေါ်အခြေတည်ပြီးတော့ ချင်းပြည်နယ်တစ်ခွင်လုံးမှာ ဖြစ်ပွားခဲ့တဲ့ အကြောင်းအရာများကို တင်ပြပြောဆိုဖို့၊ နိုင်ငံတကာကို အသိပေးဖို့၊ မီဒီယာများကို သတင်းအမှန်များပေးဖို့ စတဲ့ရည်ရွယ်ချက်များကြောင့် ယခုလို သတင်းစာရှင်းလင်းပွဲ ပြုလုပ်ခဲ့ခြင်း ဖြစ်ပါတယ်။

## DIPLOMATIC BRIEFING AT THE AUSTRIAN INSTITUTE FOR EUROPEAN AND SECURITY POLICY


AIES
AUSTRIAN INSTITUTE FOR EUROPEAN AND SECURITY POLICY
diplomatische akademie wien

INVITATION

The Vienna School of International Studies and
the Austrian Institute for European and Security Policy

are inviting to a panel discussion on

**MYANMAR TODAY:
THE END OR BEGINNING OF
DEMOCRACY?**

Welcome:
Emil Brix
Director, Vienna School of International Studies

Panelists:
Aung Myo Min
Human Rights Minister in the National Unity Government of Myanmar; Human rights and LGBT activist
Georg Bauer
University Assistant, History of human rights and democracy, Institute of History, University of Vienna; formerly EU Delegation to Myanmar
Christian Strohal
Former Austrian Ambassador to OSCE, to UN Geneva; Director, ODIHR; Board member, Austrian Institute for European and Security Policy

Moderation:
Alfred Gerstl
Department of Asian Studies, Palacký University Olomouc; Senior Advisor, Austrian Institute for European and Security Policy

**Friday, 28 January 2022, 18:00 h**

Diplomatische Akademie Wien, Festsaal
Favoritenstrasse 15a, 1040 Wien
Underground Taubstummengasse, U1

**If you want to participate at the venue you have to register online via www.da-vienna.ac.at/events, wear an FFP2 mask and display a negative Corona 2G certificate (vaccinated, recovered); assigned seats.**